Mr. Diijon DaCosta, Sr., *ဘုတ်အဖွဲ့ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Mrs. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**ချက်ချင်းထုတ်ပြန်မှုပြုရန်အတွက်**

ဇူလိုင် 29 ရက်၊ 2024 ခုနှစ်

**ဆက်သွယ်လိပ်စာ -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

## DCSD သည် 2024-25 ပညာသင်နှစ်အတွက် ကျောင်းအုပ်အသစ် 20 ဦးခန့်အပ်ခြင်းကို ဂုဏ်ပြုခြင်း

(STONE MOUNTAIN, GA)- DeKalb ကောင်တီ ခရိုင်ကျောင်း (*DCSD*) သည် ၎င်းတို့၏သက်ဆိုင်ရာ ကျောင်းများကို 2024-25 စာသင်နှစ်အတွက် ခရိုင်၏ဆောင်ပုဒ် *New Levels New Heights (အဆင့်သစ်များ၊ အသစ်သောအထွတ်အထိပ်သို့)* သို့ ပို့ဆောင်ပေးမည့် စိတ်အားထက်သန်သော ကျောင်းအုပ်အသစ် 20 ဦးကို ခန့်အပ်ကြောင်း ကြေညာသည်။ Avondale ၊ Bob Mathis ၊ Briar Vista ၊ Columbia ၊ Dunwoody ၊ Hawthorne ၊ Henderson Mill ၊ Marbut ၊ Pine Ridge ၊ Shadow Rock ၊ Smoke Rise နှင့် Woodward မူလတန်းကျောင်းများ၊- နိုင်ငံတကာ ကျောင်းသားစင်တာ၊ Cedar Grove ၊ Lithonia ၊ Peachtree ၊ နှင့် Stephenson အလယ်တန်းကျောင်းများ - နှင့် Columbia ၊ Druid Hills ၊ နှင့်Southwest DeKalb အထက်တန်းကျောင်းများသည် ဤထူးခြားသော ပညာရှင်များ၏ လမ်းညွှန်မှုအောက်တွင် စိတ်လှုပ်ရှားဖွယ်ရာ ခရီးတစ်ခု စတင်ရန် စီစဉ်ထားသည်။

DCSD ၏ အထူးကြီးကြပ်သူဌာနမှူးဖြစ်သည့် Dr. Devon Q. Horton မှမူ ဤထူးချွန်သော ကျောင်းစီမံအုပ်ချုပ်သူများအပေါ် ၎င်း၏ ယုံကြည်မှုနှင့် ကျေးဇူးတင်ရှိမှုအား ထုတ်ဖော်ဖွင့်ဟလာခဲ့သည်။

"ဒီထူးချွန်လှတဲ့ ခေါင်းဆောင်တွေကို သူတို့တွေရဲ့ သက်ဆိုင်ရာ ရာထူးကဏ္ဍတွေအတွက် ဂုဏ်ယူစွာ ဖိတ်ခေါ် ကြိုဆိုပါတယ်။ ဒီကျောင်းအုပ်တွေဟာဆိုရင် ဒီကျောင်းပညာသင်နှစ် တစ်လျှောက်လုံးသာမက နောက်နောင်ကာလမှာပါ ၎င်းတို့ရဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက ကျောင်းသားတွေအတွက် အရည်အသွေးမြင့်မားတဲ့ ပညာရေးကို ထောက်ပံ့ပေးနိုင်ဖို့အတွက် အစွမ်းကုန် အားထုတ်ကြိုးစားသွားကြမယ်ဆိုတာကို ကျွန်ုပ် ယုံကြည်ပါတယ်၊" ဟု Dr. Horton မှ ပြောကြားခဲ့သည်။ "သက်ဆိုင်ရာ ကျောင်းသားတွေ၊ ဆရာ၊ဆရာမတွေနဲ့ ဝန်ထမ်း အဖွဲ့ဝင်တွေရဲ့ မယုံနိုင်လောက်အောင် တိုးတက်မှုနဲ့ အောင်မြင်မှုတွေ ရရှိနိုင်ဖို့ကို မျှော်ကိုး၊ ဦးဆောင်ရင်း သူတို့ရဲ့ သက်ဆိုင်ရာ ရာထူးကဏ္ဍကို လက်ခံပေးတဲ့အတွက်လည်း သူတို့တစ်ဦးချင်းစီကို ကျေးဇူးတင်မိပါတယ်။"

စာသင်ကျောင်းအမည်ဖြင့် အက္ခရာစဉ်လိုက် စုစည်းဖော်ပြထားသော အသစ်ရောက်ရှိလာမည့် ကျောင်းအုပ်များမှာ -

- **Avondale မူလတန်း (Avondale Elementary) – Dr. Candace Sagers -** Dr. Sagers သည် ပညာရေးလုပ်သက် 18 နှစ် ရှိပြီဖြစ်သည့် လေးစားဖွယ်သော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ Redan အထက်တန်းကျောင်းမှ ကျောင်းပြီးမြောက်သည့် ဂုဏ်ယူဖွယ်သော DeKalb ကျောင်းထွက်တစ်ဦးဖြစ်ပြီး၊ သူမသည် Avondale မူလတန်းကျောင်းတွင် လက်ထောက်ကျောင်းအုပ်တစ်ဦးအဖြစ် လွန်ခဲ့သော ဆယ်စုနှစ်တစ်လျှောက် တာဝန်ထမ်းဆောင်ခဲ့ရာမှ အမျိုးမျိုးသော ဂုဏ်ပြုဆုများ လက်ခံရရှိကာ သူမ၏ ခေါင်းဆောင်နိုင်ရည်စွမ်းအား အသိအမှတ်ပြုခံခဲ့ရသည်။
- **Bob Mathis မူလတန်း (Bob Mathis Elementary) – Candace Wade-Blaise -** DCSD ထုတ်ကုန်တစ်ခုဖြစ်သည့် Ms. Wade-Blaise သည် ခရိုင်တွင် ဆရာ၊ ပညာရေးနည်းပြနှင့် လက်ထောက်ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူမသည် ယခင်က Redan မူလတန်းကျောင်းမှ လက်ထောက် ကျောင်းအုပ်တစ်ဦး ဖြစ်သည်။
- **Briar Vista မူလတန်း (Briar Vista Elementary) – Dyani Robinson -** Ms. Robinson သည် 2018 ခုနှစ်ကတည်းကပင် Briar Vista ၌ လက်ထောက် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမ၏ ကျယ်ပြန့်သော လုပ်သက်နောက်ခံအတွေ့အကြုံ နှင့် ပညာရေးပိုင်းတွင် အကောင်းဆုံးထူးချွန်ပြောင်မြောက်မှုရှိစေရန် သူမ၏ နက်ရှိုင်းသော နှစ်မြုပ်အားထုတ်မှုတို့သည် Briar Vista ၏ ပညာရေး ရှုမျှော်ခင်းအား သိသာစွာ ပုံသွင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

-နောက်တစ်မျက်နှာ-

- **Cedar Grove အလယ်တန်း (Cedar Grove Middle) – James Holloway -** Mr. Holloway သည် လုပ်သက်အတွေ့အကြုံ 18 နှစ်ရှိပြီဖြစ်သော ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ လက်ထောက် ကျောင်းအုပ်တစ်ဦးအဖြစ် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ဖူးသည့် အတွေ့အကြုံရှိသည်။ သူသည် 2006 တွင် Bethune အလယ်တန်းကျောင်း၌ ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ကာ ၎င်း၏ သက်မွေးဝမ်းကျောင်းအား စတင်ခဲ့ပြီး၊ အထက်တန်း နှင့် အလယ်တန်းအဆင့် စာသင်ကျောင်းများတွင် အမျိုးမျိုးသော ရာထူးကဏ္ဍများမှတစ်ဆင့် ကလေးများအတွက် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။
- **Columbia မူလတန်းကျောင်း (Columbia Elementary) – Candace Hardy-** ပညာရေးပိုင်းတွင် လုပ်သက်အတွေ့အကြုံ 21 နှစ်ကျော်လွန်ခဲ့ပြီဖြစ်သော Ms. Hardy သည် Toney မူလတန်း နှင့် Columbia မူလတန်း စာသင်ကျောင်းတို့တွင် လက်ထောက် ကျောင်းအုပ်ရာထူးရယူကာ DCSD အတွက် တာဝန်ထမ်းဆောင်ခဲ့သည်။
- **Columbia အထက်တန်း (Columbia High) – Dr. Pammy Darden -** Dr. Darden သည် Columbia အထက်တန်းကျောင်းတွင် လက်ထောက်ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ရာမှ ကျောင်းအုပ်အဖြစ်သို့ ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ သူမသည် ကျောင်းဆရာမ၊ ကျောင်းစာမေးပွဲညှိနှိုင်းရေးမှူး၊ လက်ထောက်ကျောင်းအုပ်နှင့် ကျောင်းအုပ်ကြီးအဖြစ် ပညာရေးတွင် 25 နှစ်ကျော် အတွေ့အကြုံရှိသည်။
- **Druid Hills အထက်တန်း (Druid Hills High) – Dr. Michelle Stewart -** Dr. Stewart သည် ပညာရေးဝန်ထမ်းတစ်ဦးအဖြစ် 25 နှစ်တာနှစ်မြှုပ်အားထုတ်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ သူမသည် ဘတ်စ်ကားဒရိုင်ဘာ၊ သယ်ယူပို့ဆောင်ရေးတာဝန်ရှိသူ၊ ကျောင်းဆရာမ၊ စာဖတ်နည်းပြနှင့် လက်ထောက်ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- **Dunwoody မူလတန်း (Dunwoody Elementary) – Kanessa Fain -** 23 နှစ်တာ ပညာရေးဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် Ms. Fain သည် မူလတန်းကျောင်းဆရာမတစ်ဦး၊ စာပေနှင့် သင်္ချာဘာသာရပ်အတွက် ခရိုင်၏ ပညာရေးပိုင်း နည်းပြတစ်ဦး၊ MTSS စီမံဆောင်ရွက်သူတစ်ဦး နှင့် လက်ထောက် ကျောင်းအုပ်တစ်ဦး အစရှိသည်တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် နှစ်မြှုပ်ကြိုးပမ်းအားထုတ်မှုရှိသော ပညာရေးဝန်ထမ်း တစ်ဦး ဖြစ်သည်။
- **Hawthorne မူလတန်း (Hawthorne Elementary) – Kia Henley -** Ms. Henley သည် ပညာရေးပိုင်းတွင် လုပ်သက်အတွေ့အကြုံ နှစ်ပေါင်း 20 ရှိထားသူဖြစ်ပြီး၊ သင်ကြားပို့ချမှုပိုင်းဆိုင်ရာ ဦးဆောင်မှု/စီမံခန့်ခွဲမှုအပိုင်းတွင် လုပ်ငန်းအတွေ့အကြုံ 15 နှစ် ရှိထားသူ ဖြစ်သည်။ သူမသည် မကြာသေးမီက John Lewis မူလတန်းကျောင်းတွင် လက်ထောက် ကျောင်းအုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- **Henderson Mill မူလတန်း (Henderson Mill Elementary) – Dr. Regina Blanton -** 24 နှစ်တာ ပညာရေးဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် Dr. Blanton သည် မကြာသေးမီက Henderson Mill တွင် လက်ထောက် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူမသည် Yokota ၊ Japan ၌ ဆရာမတစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ရာမှ သူမ၏ သက်မွေးဝမ်းကျောင်းအား စတင်ခဲ့ခြင်း ဖြစ်ပြီး၊ ခဏချင်းအတွင်းတွင်ပင် ခေါင်းဆောင်မှုအပိုင်းသို့ ရာထူးမြင့်တက်လာခဲ့သည်။
- **နိုင်ငံတကာ ကျောင်းသားစင်တာ (International Student Center) – Gregory Wickersham -** အသက် 28 နှစ်ရှိ သင်ကြားရေးဆရာ Mr. Wickersham သည် ကျောင်းအုပ်အဖြစ် နိုင်ငံတကာ ကျောင်းသားစင်တာသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ 2015 မှ 2017 ခုနှစ်အထိ ဂျေဟာတွင် 2 နှစ်ကြာ သင်ကြားခဲ့သည်။ ကျောင်းအုပ်မဖြစ်မီ၊ သူသည် Jolley မူလတန်းကျောင်းတွင် လက်ထောက်ကျောင်းအုပ်ဖြစ်ခဲ့ပြီး ခရိုင်၏ အင်္ဂလိပ်စာသင်ယူသူများဌာနအတွက် ညှိနှိုင်းရေးမှူးတစ်ဦးဖြစ်သည်။
- **Lithonia အလယ်တန်းကျောင်း (Lithonia Middle) – Dr. Cornelius Polk -** Dr. Polk သည် ဆယ်နှစ်ကျော် ပညာသင်ကြားခဲ့သည်။ သူသည် ယခင်က DeKalb သို့မလာရောက်မီ Fulton နှင့် Clayton ကောင်တီ ခရိုင်ကျောင်းများတွင် အလုပ်လုပ်ခဲ့ပါသည်။ သူသည် မကြာသေးမီက Clayton ကောင်တီတွင် ယာယီကျောင်းအုပ်အဖြစ် လည်းကောင်း၊ လက်ထောက်ကျောင်းအုပ်နှင့် ဆရာ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။
- **Marbut မူလတန်း (Marbut Elementary) – Dr. Tiffany Reeves -** ပညာရေးပိုင်းတွင် လုပ်သက်အတွေ့အကြုံ 22 နှစ် ရှိထားပြီး၊ DCSD တွင် ခုနှစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် Dr. Reeves သည် Navie J. Harris Theme School စာသင်ကျောင်း၏ ပညာရေးဆိုင်ရာ အောင်မြင်မှုနှုန်း နှင့် ဆရာ၊ဆရာမ ဝန်ထမ်းထိန်းသိမ်းနိုင်မှုနှုန်းတို့တွင် သိသာစွာ အားထည့်ဆောင်ရွက်ပေးနိုင်ခဲ့သူ ဖြစ်သည်။
- **Peachtree အလယ်တန်းကျောင်း (Peachtree Middle) – Dr. Jennifer Gates:** Dr. Gates သည် Peachtree နှင့် DCSD သို့ ပညာရေးတွင် နှစ် 20 နီးပါး အတွေ့အကြုံရှိပါသည်။ သူမသည် ကနေဒါနှင့် Cobb ကောင်တီ ခရိုင်ကျာင်းတွင် ဆရာမ၊ ပညာရေးနည်းပြ တစ်ဦး၊ သင်ကြားရေးဆိုင်ရာနှင့် လက်ထောက်ကျောင်းအုပ်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။
- **Pine Ridge မူလတန်း (Pine Ridge Elementary) – Lindsey Scott -** သင်ကြားရေးဆရာမ Ms. Scott သည် 17 နှစ်ကြာခဲ့သည်၊ Hawthorne မူလတန်းကျောင်းတွင် လက်ထောက်ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး 2003 ခုနှစ်ကတည်းက ခရိုင်နှင့်အတူ အလုပ်လုပ်ဆောင်ပါသည်။

-နောက်တစ်မျက်နှာ-

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200

- **Shadow Rock မူလတန်း (Shadow Rock Elementary) – Dr. Fricreta Rice -** Dr. Rice သည် ပညာရေးတွင် 15 နှစ် ထဲသို့ ရောက်ရှိလာပါပြီ။ သူမသည် ယခင်က လက်ထောက်ကျောင်းအုပ်ကြီး၊ ဆရာအတတ်သင် သင်တန်းကျောင်း (TAPP) သင်ရိုးညွှန်းတမ်းမြေပုံရေးဆွဲခြင်းနှင့် စီစဉ်နည်းပြဆရာ၊ သင်ကြားရေးနည်းပြနှင့် ဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။
- **Smoke Rise မူလတန်း (Smoke Rise Elementary) – Dr. Krystye Tatum -** Dr. Tatum သည် နှစ်ပေါင်း 20 ကျော် အတွေ့အကြုံရှိသော ဝါရင့်ပညာတတ် တစ်ဦးဖြစ်သည်။ သူမသည် ဆရာမတစ်ဦး၊ ပညာရေးပိုင်းနည်းပြတစ်ဦး၊ နှင့် များမကြာသေးမီက Woodward မူလတန်းကျောင်းတွင် လက်ထောက် ကျောင်းအုပ်တစ်ဦး အစရှိသည်တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။
- **Southwest DeKalb အထက်တန်း (Southwest DeKalb High) – Brandon Thompson -** Mr. Thompson သည် ယခင်က Dr. Martin Luther King, Jr. High School အထက်တန်းကျောင်း၌ သင်ကြားပို့ချမှုအပိုင်းတွင် လက်ထောက် ကျောင်းအုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွေ့အကြုံ 19 နှစ် ရှိထားသော ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်သည်။
- **Stephenson အလယ်တန်း (Stephenson Middle)– Tonya Izzard-** ပညာရေးအတွေ့အကြုံ 18 နှစ်ရှိသော Ms. Izzard သည် မကြာသေးမီက Henderson အလယ်တန်းကျောင်းတွင် လက်ထောက်ကျောင်းအုပ်အဖြစ် DeKalb တွင် သူမ၏ နှစ်များအားလုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- **Woodward မူလတန်း (Woodward Elementary) – Kimberly Clark -** လုပ်သက် 22 နှစ်တာ ပညာရေးဝန်ထမ်းဟောင်းတစ်ဦး ဖြစ်သည့် Ms. Clark သည် Doraville United Elementary မူလတန်း နှင့် Dresden Elementary မူလတန်းတို့တွင် လက်ထောက် ကျောင်းအုပ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200